教育部外语专业面向21世纪缅甸语语言类主干课程教材
国家外语非通用语种本科人才培养基地系列教材

# 大学 缅甸语阅读

သုတဖတ်စရာမြန်မာစာ

## 第二册

钟智翔 编著



军事谊文出版社

教育部外语专业面向21世纪缅甸语语言类主干课程教材
国家外语非通用语种本科人才培养基地系列教材

# 大学缅甸语阅读

## 第二册

解放军外国语学院 钟智翔 编著

军事谊文出版社

**图书在版编目（CIP）数据**

大学缅甸语阅读（第二册）/钟智翔编著.
—北京：军事谊文出版社，2005
ISBN7- 80150-480-1

I I.大… Ⅱ.钟… Ⅲ.缅语—阅读教学
—高等学校—教材 Ⅳ.H421.94

中国版本图书馆 CIP 数据核字（2005）第 056369 号

书　名：大学缅甸语阅读（第二册）
编著者：钟智翔
出　版　军事谊文出版社
发　行：（北京安定门外黄寺大街乙一号 邮编 100011）
印刷者：北京联华印刷厂
开　本：850×1168　1/32
版　次：2005 年 8 月第 1 版
印　次：2005 年 8 月第 1 次印刷
印　张：15.875
字　数：350 千字
印　数：1–500
书　号：ISBN7-80150-480-1/G·80
定　价：46.00 元（一、二册）

# 编者的话

《大学缅甸语阅读》是教育部外语专业面向21世纪缅甸语语言类主干课程系列教材《缅甸语综合教程》之阅读部分，供高等院校缅甸语专业基础阶段阅读课使用。全书分两册，共64课，每学期上16课，与《大学缅甸语》配套使用。本书也可供有一定缅语基础的自学者阅读。

本教材是以提高学生的阅读理解能力和逻辑思维能力，培养学生的速读能力及阅读兴趣，扩大学生的知识面，增加文化背景知识为宗旨而编写的。教材信息量大，涉及领域广，实用性强。通过教学，可使学生接触更广泛的言语材料，进一步巩固和积累缅语精读课所学知识，同时也可以获得更多的缅甸国情信息。

本教材所收课文全部选自原文材料，在编写中我们按照教学大纲的要求，借鉴我院多年的教学实践经验，对教学内容进行了精选更新。阅读量及难度上均采取循序渐进的原则，科学编排。每篇课文后附有词汇、语法等语言难点注释、背景知识注释，并配有针对性较强的练习题。

本教材在编写过程中得到了解放军外国语学院亚非语系以及国内相关院校的大力支持，在此谨致以衷心的谢意。

编　者

二〇〇五年四月十日

于解放军外国语学院

# မာတိကာ


သင်ခန်းစာ (၁) ရွှေတြိဂံဘိန်းနယ်မြေ····························1

သင်ခန်းစာ (၂) လွယ်တော်ခန်းကျေးရွာအုပ်စုအတွင်း
ဘိန်းခင်းများရှိရာသို့ ····························16

သင်ခန်းစာ (၃) ခရီးသွားမှတ်တမ်းများ····························29

သင်ခန်းစာ (၄) ငရဲဘုံမှလွတ်မြောက်ခြင်း····························45

သင်ခန်းစာ (၅) ဗမာတို့၏ပထမနှစ်များအကြောင်း····························58

သင်ခန်းစာ (၆) ဗမာ၏တစ်နေ့တာ····························75

သင်ခန်းစာ (၇) ဆွေမျိုး····························89

သင်ခန်းစာ (၈) အိမ်ဆိုင် ····························103

သင်ခန်းစာ (၉) တောဘုရားပွဲ ····························116

သင်ခန်းစာ (၁၀) မြန်မာတို့၏ဒုမင်္ဂလာခလေ့များ ····························131

သင်ခန်းစာ (၁၁) ရှမ္ဘရီးရာလှေပြိုင်ပွဲတော်····························145

သင်ခန်းစာ (၁၂) ဆင်ယင်ထုံးဖွဲ့မှုနိဒါန်း····························163

သင်ခန်းစာ (၁၃) ပေနှင့် ပုရပိုက်ပန်းချီ····························177

သင်ခန်းစာ (၁၄) မြန်မာ့ပန်းချီ····························195

သင်ခန်းစာ (၁၅) မြန်မာတို့၏နေ့ကြီးရက်ကြီးများ ····························210

သင်ခန်းစာ (၁၆) သံချောင်း····························226

သင်ခန်းစာ (၁၇) အစွဲ····························243

သင်ခန်းစာ (၁၈) ဘုန်းကြီးကျောင်းသား····························260

သင်ခန်းစာ (၁၉) မေတ္တာရိုးရိုးကလေး····························278

သင်ခန်းစာ (၂၀) ကိုယ့်ရှုးကိုယ်ပတ်····························294

သင်ခန်းစာ (၂၁) ထို့ထက်ပို၍မူ····························309

သင်ခန်းစာ (၂၂) မြို့သစ်ကလေး ····························324




此为试读，需要完整PDF请访问：www.ertongbook.com

သင်ခန်းစာ (၂၃) အကြွေစားသည့် ပန်းကလေး······························340
သင်ခန်းစာ (၂၄) စခန်းထွက်၍စစ်ပညာလေ့ကျင့်ခဲ့စဉ်က····················357
သင်ခန်းစာ (၂၅) ဘဝသစ်မွေးဖွားလာခြင်း·································372
သင်ခန်းစာ (၂၆) ပုပ်နေသောအာလူးများသို့မဟုတ်
မြန်မာ့ဘောဂဗေဒပညာရှင်များ ···························389
သင်ခန်းစာ (၂၇) ရေနံခိုးသူ················································402
သင်ခန်းစာ (၂၈) သဇင်ပန်းသုံးခက်·········································421
သင်ခန်းစာ (၂၉) နဖူးတွေ့ဒူးတွေ့··········································436
သင်ခန်းစာ (၃၀) ပျောက်ကွယ်သွားသော မိုးရေစက်များ·····················451
သင်ခန်းစာ (၃၁) ရဲဘော်သုံးကျိပ်ပြည်တော်ပြန်(၁)·························466
သင်ခန်းစာ (၃၂) ရဲဘော်သုံးကျိပ်ပြည်တော်ပြန်(၂)·························483

# သင်ခန်းစာ (၁)

# ရွှေတြိဂံဘိန်းနယ်မြေ

အစနှင့်အဆုံးမရှိသော စိမ်းပြာပြာတောင်ကြောကြီးများ၊ တောင်ထွတ်များက ထိုင်းနိုင်ငံမြောက်ဘက်ဒေသဆီတွင် မြန်မာ့နယ်မြေထဲသို့ မျက်စိတစ်ဆုံး ထိုးထိုးထောင်ထောင်လှုပ်ရှားသွားလာနေသလို ရေမြေအနေအထားက အပူပိုင်းဒေသတစ်ခု၏ နိဒါန်းဟု ခေါ်ဆိုနိုင်လောက်အောင် သာယာလှပပါသည်။ စွတ်စိုစိမ်းလန်းသော သဘာဝလောကနှင့် ခန့်ညားထည်ဝါလှသည့် တောင်တန်းကြီးများကို ကြောက်မက်ဖွယ်ရာသစ်တောကြီးများက ဖုံးအုပ်နေပြီး အေးမြကြည်လင်သော မြစ်ရေ၊ စမ်းရေများကလည်း အလျဉ်တဝေါဝေါမြည်လျက် စီးဆင်းနေပါသည်။ အမှန်စင်စစ် ဤဒေသ၏သဘာဝသည် လူတို့နှင့် အထိအတွေ့မရှိသလောက် အနှောင့်အယှက်ကင်းမဲ့သော ရေမြေဒေသကြီးတစ်ခုပင် ဖြစ်ပါသည်။

သို့သော်လည်း ဤဒေသသည် နိဗ္ဗာန်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထူကဲစွာဖုံးအုပ်ထားသည့် ကျွန်းပင်ကြီးများ၏ အောက်တွင် လျှို့ဝှက်စွာဖောက်ထားသည့် တောလမ်းများသည် တောတောင်အထပ်ထပ်၊ မြစ်အသွယ်သွယ်နှင့် နယ်စပ်မျဉ်းအရေအတွက်များစွာကို ပြောင်ပြောင်တင်းတင်း ထိုးဖောက်ဝင်ရောက်ပြီး အနောက်နိုင်ငံမြို့ကြီးများအထိ ဆိုက်ရောက်နေသည့် ဘိန်းလမ်းကြီး ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဤဒေသသည် ဘိန်းစိုက်ခင်းများ ရှိနေသောဒေသဟု ဆိုလျှင်လည်း မှန်ကန်လှပါသည်။

စတုရန်းကီလိုမီတာ ၂၂၅၀၀၀ကျော်ရှိသော ဤဒေသကြီးသည် ထိုင်း၊ မြန်မာ၊ လာအိုနှင့် တရုတ်နိုင်ငံတို့အကြားတွင် ရှိသောဒေသကြီး ဖြစ်ပြီး ရွှေတြိဂံနယ်မြေဟု လျှို့ဝှက်စွာ ရုပ်လုံးပျက် ခေါ်ဆိုထားပါသည်။ ကမ္ဘာပေါ်တွင် ဖြန့်ဖြူးနေသော နှစ်စဉ် ဘိန်းတန်ချိန်၆၀၀၀ကျော်၏ သုံးပုံနှစ်ပုံသော အရေအတွက်ကို ဤ

ဒေသမှထွက်သည်ဟု ဆိုကြပါသည်။ ဤအဆိပ်အတောက်များ ချက်လုပ်သော စခန်းများမှာ တောတောင်များထဲတွင် လျှို့ဝှက်စွာတည်ဆောက်ထားပါသည်။

သို့သော်လည်း ရွှေဟု ခေါ်သည့် ဤရွှေတြိဂံနယ်မြေမှထွက်သည့် ပစ္စည်းများအပေါ် အမြတ်အစွန်းရသူများမှာ လူနည်းစုသာ ဖြစ်ပါသည်။ ၎င်းတို့သည် အလွန်သွေးထွက်သံယိုဖြစ်သော စီးပွားရေးလုပ်ငန်းများကို ဘိန်းမှတစ်ဆင့် အမြတ်ရယူပြုလုပ်နေကြပါသည်။ ဘိန်း၁၀ကီလိုကို ချက်လုပ်ပါက ဟီးရိုးအင်းဟု ခေါ်သော အဆိပ်အတောက်တစ်ကီလို ရပါသည်။ ၎င်းသည် ဗန်ကောက်ဈေးကွက်တွင် ဒေါ်လာ(၇၀၀၀)ထောင်ခန့် တန်ဖိုးရှိပါသည်။ သို့သော်လည်း အမေရိကန်နိုင်ငံရှိမြို့ကြီးများသို့ ရောက်ရှိသွားပါက သူ၏တန်ဖိုးသည် အဆ၂၀ခန့် မြင့်တက်သွားပါသည်။

ဤရွှေတြိဂံဟုခေါ်သည့် ဒေသကြီး၏ နောက်ကွယ်တွင် ဤဒေသကြီး၏ အလှအပနောက်ကွယ်၌ ဖုံးဖုံးဖိဖိတည်ဆောက်ထားသည့် လုပ်ငန်းတစ်ခုသည် လွန်စွာမှ ကြောက်မက်ဖွယ်ရာလုပ်ငန်း ဖြစ်ပါသည်။ ဤဒေသတွင် စစ်ပွဲများ ဖြစ်ပွားသည်။ အပြည်ပြည်ဆိုင်ရာ လျှို့ဝှက်ကြံစည်မှုတွေ ပြုလုပ်ကြသည်။ အပြည်ပြည်ဆိုင်ရာ လူကြားမကောင်း သူကြားမကောင်းကိစ္စများ ပြုလုပ်ကြသည့် ဇာတ်စင်လည်းဖြစ်သည်။ ဤဒေသသည် အပြည်ပြည်ဆိုင်ရာသူလျှိုများ တွေ့ဆုံသော၊ လူဆိုးများတွေ့ဆုံသော၊ လက်နက်မှောင်ခိုသမားများ တွေ့ဆုံသော၊ စွန့်စားရေးသမားများ ခရီးထွက်ကြသော နေရာဖြစ်သည်။

ဘိန်းဘုရင်ခွန်ဆာထံမှ ရောက်ရှိလာသောဖိတ်စာလွှာတွင် "သင်တို့အား နှစ်သစ်ကူးပျော်ရွှင်ပွဲ ကျင်းပရာမှာ ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပါရှိပြီး ဤဖိတ်စာသည် ခွန်စာ (ခ) Chang ChiFu ထံမှ တိုက်ရိုက်ရောက်လာခဲ့သည်။ ခွန်ဆာဆိုသူသည် အများပြောစမှတ်ပြုသည့် ဒဏ္ဍာရီသဖွယ် နာမည်ပျက်ရှိနေသည့် အမှောင်လောက၏ ခေါင်းဆောင် ဖြစ်ပါသည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အကြမ်းတမ်းဆုံး၊ အရက်စက်ဆုံးစစ်ဘုရင်လည်း ဖြစ်သည်။ ထို့အပြင် ရွှေတြိဂံ

နယ်မြေ၏ စိုးမိုးအုပ်ချုပ်သူလည်း ဖြစ်သည်။

ခွန်ဆာသည် သူ့ကိုသူ သမ္မတဟု ကြွေးကြော်ပြီး မြန်မာနိုင်ငံမှ ရှမ်းပြည်ကိုခွဲထွက်သည်ဟု ကြေညာခဲ့ပါသည်။ ၎င်းပြည်အား ယနေ့ထက်ထိ မည်သူမျှ အသိအမှတ်မပြုသေးပါ။ ရှမ်းလူမျိုးများသည် မြန်မာနိုင်ငံတွင် တည်ရှိသော လူမျိုးပေါင်း၆၇စုထဲတွင် အပါအဝင်ဖြစ်ပါသည်။ သူတို့သည် မြန်မာအစိုးရကို ပြောက်ကျားစစ်ဆင်နွှဲနေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ခွန်ဆာသည် အသက် ၅၉နှစ်ရှိပြီး ရှမ်း–တရုတ်ကပြား ဖြစ်ပါသည်။ သူ့ကိုသူ သူရဲကောင်းတစ်ယောက်သဖွယ် ရှမ်းပြည်နယ်ကို လွတ်မြောက်ရေးကယ်တင်သူတစ်ယောက်အနေဖြင့် အမြဲတမ်းဆိုလေ့ရှိပါသည်။

ဟိုမုန်းသည် သူပုန်ခေါင်းဆောင်ခွန်ဆာ၏ မြို့ ဖြစ်သည်။ ၎င်းမြို့သည် ထိုင်းနယ်စပ်မှ ၁၅ကီလိုမီတာလောက် ကွာဝေးသည်။ ထိုမြို့ကို ပြင်းထန်စွာစီးဆင်းနေသည့် သံလွင်မြစ်မှ အကာအကွယ်ပေးထားပြီး မြန်မာအစိုးရ၏ စိုးမိုးနိုင်မှုကိုလည်း ၎င်းမြစ်က ကာကွယ်ထားသကဲ့သို့ ရှိပါသည်။ သို့သော်လည်း မြေပြင်တွင် ညီညာစွာခင်းထားသော လမ်းနှစ်လမ်းသည် ဟိုမုန်းမြို့ကို ထိုင်းနိုင်ငံနှင့် တိုက်ရိုက်ဆက်သွယ်ထားသည်ကိုတော့ ရှင်းရှင်းလင်းလင်းမြင်ရပါသည်။

ကျွန်တော်တို့အတွက် ပထမဦးဆုံး အံ့သြစရာကောင်းသည်မှာ ဟိုမုန်းမြို့သည် တောထဲမှာရှိသော လျှို့ဝှက်စခန်းမဟုတ်ဘဲ ၎င်းမြို့သည် လူများနှင့် အင်မတန်မှ ပျော်ရွှင်လှပသည့် မြို့ကြီးတစ်ခုဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းတွေလည်း ရှိပါသည်။ လမ်းကျယ်ကြီးများရှိပြီး မိုလီရှသဘင်ရင်ပြင်ကဲ့သို့ ရင်ပြင်ကျယ်ကြီးများလည်း ရှိပါသည်။ ဈေးများလည်း ရှိပါသည်။

ဤမြို့မှာ တဖြည်းဖြည်းဖွံ့ဖြိုးနေပါသည်။ မြို့၏လမ့်ညအချိန်တွင် ကြီးမားသော မြေညှိစက်ကြီးများသည် တောနက်ဒေသကို မြေညှိရှင်းလင်းပြီး နောက် ထပ်နေရာဒေသများ၊ လူနေရပ်ကွက်များအဖြစ် တိုးချဲ့ပြုလုပ်နေပါသည်။ ရေလှောင်တာတာမံတစ်ခုမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စီမံလျက် ရှိပါသည်။ စီး

ပွားရေးအားဖြင့် အပ်ချုပ်သင်တန်းများ၊ ဆံပင်ညှပ်သင်တန်းများ၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာရောင်းချသူများ၊ ဓာတ်ပုံဆရာများ၊ ဗီဒီယိုဆိုင်များနှင့် နောက်ဆုံးပေါ်သီချင်းများကို ကျယ်လောင်စွာတီးနေသော ဆိုင်များရှိပါသည်။ လမ်းမကြီး၏တစ်ဖက်တစ်ချက်တွင် ဆိုင်များက ပြည့်နေပါသည်။ ကုန်ပစ္စည်းအများဆုံးမှာထိုင်းနိုင်ငံမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ကုန်စည်များကို ပေးချေရာတွင် ထိုင်းငွေဘတ်ကို အသုံးပြုကြသည်။ ၎င်းတို့တွင် ယာဉ်များသည် ဘယ်ဘက်ယာဉ်ကြောမှ မောင်းနှင်ပြီး မြန်မာနိုင်ငံမှာကဲ့သို့ ညာဘက်တွင် မမောင်းကြပါ။ ဟိုမုန်းမြို့တွင် ဘုန်းကြီးအပါး၄၀၀ရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဆေးရုံတစ်ရုံ ရှိပါသည်။ ဟိုတယ်သုံးလုံးရှိပြီး ပြည့်တန်ဆာ၁၅ယောက်ရှိသော ပြည့်တန်ဆာအိမ်တစ်အိမ် ရှိပါသည်။

ကြီးမားသော နေအိမ်ကြီးများပေါ်တွင် ဂြိုဟ်တုရုပ်မြင်သံကြားအစီအစဉ်များကို ဖမ်းနိုင်ရန် ကောင်းကင်ကြိုးတိုင်များ၊ အင်တီနာများ ရှိပါသည်။ ထိုင်းနိုင်ငံနှင့် ဆက်သွယ်ထားသော အထူးတယ်လီဖုန်းလိုင်းတစ်လိုင်းမှာ ဟိုမုန်းမြို့ကို ကမ္ဘာနှင့်ဆက်သွယ်ထားပြီး ကမ္ဘာအရပ်ရပ်ကို ဟိုမုန်းမြို့မှ တိုက်ရိုက် ဖုန်းဆက်နိုင်ပါသည်။ ခွန်ဆာကိုယ်တိုင်က ထိုမြို့ရှိ အုတ်ခဲနှင့်ဘိလပ်မြေ ရောယှက်၍ တည်ဆောက်ထားသည့် အိမ်တစ်အိမ်တွင် နေထိုင်ပါသည်။ ၎င်းအိမ်ကိုလေယာဉ်ပစ်အမြောက်များ၊ စစ်တန်းလျားများ ဝိုင်းရံထားပြီး ခေတ်မီလက်နက်များ ကိုင်တွယ်ထားသော ကိုယ်ရံတော်များက အိမ်၏လုံခြုံရေးအတွက် စောင့်ကြပ်နေကြပါသည်။ ခွန်ဆာကဲ့သို့သော သူပုန်တစ်ယောက်သည် ဂုဏ်သိက္ခာကိုမြှင့်တင်အောင် ပြုလုပ်နေသလိုရှိပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးပွဲတော်အချိန်သမယတွင် ခွန်ဆာ၏နေရာကို ရာပေါင်းများစွာသော စစ်အရာရှိနှင့် အရပ်ဘက်ဝန်ထမ်းများအတွက် တံခါးဖွင့်ထားပါသည်။ ခွန်ဆာ၏ အပေါင်းအသင်းမိတ်ဆွေတချို့က ဘဏ္ဍာရေးဝန်ကြီး၊ တချို့က နိုင်ငံခြားရေးဝန်ကြီး၊ တချို့က ပြန်ကြားရေးဝန်ကြီးအဖြစ် ၎င်းတို့ကို၎င်းတို့

မိတ်ဆက်လာကြပါသည်။ ၎င်းတို့သည် ၎င်းတို့ဘာသာ အလိုအလျောက် ဘိန်းများအကြောင်း ထုတ်ပြောကြပါသည်။ "၎င်းတို့သည် ဘိန်းမှောင်ခိုရောင်းဝယ်သူများ မဟုတ်၊ လွတ်မြောက်ရေးတိုက်ပွဲဝင်နေကြသူ ဖြစ်သည်။ မြန်မာတွေက ၎င်းတို့၏ လယ်ယာမြေများကို အတင်းသိမ်းယူပြီး ၎င်းတို့ကို မောင်းနှင်ထုတ်လိုက်သည့်အတွက် ၎င်းတို့သည် အလွန်မှ သယံဇာတကြွယ်ဝသည့် ပတ္တမြားတို့၊ ကျောက်တို့ပေါများသည့် နယ်မြေများက ထွက်ပြေးလာရသည်။ ၎င်းအတွက်ကြောင့် ရှမ်းများသည် တောင်တန်းဒေသများသို့ ရောက်လာပြီး ဘာမှလုပ်ကိုင်စားသောက်စရာမရှိသည့်အတွက် ဘိန်းကိုပဲ စိုက်ပျိုးနေရပါသည်"လို့ ဆိုကြပါသည်။

"လွန်ခဲ့တဲ့(၁၀)စုတစ်စုလောက်က ခွန်ဆာကိုယ်တိုင် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ဘိန်းကို အစားထိုးဖို့ သူက ကြိုးစားခဲ့တယ်။ အဲဒီလိုအစားထိုးဖို့အတွက် သူ့အနေနဲ့ ဒေါ်လာသန်း၃၀၀လိုတယ်လို့ သူက ဆိုတယ်။ အဲဒီဒေါ်လာသန်း၃၀၀အကူအညီကို တခြားကတင်ပို့ရင် ဘိန်းမှောင်ခိုရောင်းဝယ်မှုကို သူက ရပ်ဆိုင်းမယ်လို့ ဆိုပါတယ်။ မကြာသေးမီက ခွန်ဆာက အမေရိကန်နိုင်ငံသမ္မတထံ စာရေးပြီး ကမ်းလှမ်းခဲ့တယ်။ သူရဲ့ကမ်းလှမ်းမှုက စီးပွားရေးအကူအညီနဲ့ သူရဲ့ပြည်နယ်ဖြစ်တဲ့ ရှမ်းပြည်နယ်လွတ်မြောက်ရေးမှုကို အားပေးထောက်ခံမယ်ဆိုရင် သူက ဘိန်းစိုက်ပျိုးမှု ရပ်ဆိုင်းမယ်လို့ ဆိုတယ်။ ဒါပေမယ့် ကျွန်တော်တို့ကြိုးပမ်းမှု မအောင်မြင်ဖူး၊ အနောက်နိုင်ငံတွေဟာ ဘိန်းစစ်ပွဲမှာ ဆုံးရှုံးနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဟာ လွဲမှားတဲ့လက်နက်နဲ့ လွဲမှားတဲ့ရန်သူကို တိုက်ခိုက်နေကြလို့ ဖြစ်တယ်။ ခွန်ဆာက အဲဒီစာမှာ ရေးထားတယ်။ အမှန်တော့ အနောက်နိုင်ငံတွေက ခွန်ဆာနဲ့ ပူးပေါင်းဆောင်ရွက်သင့်တယ်။ လွန်ခဲ့တဲ့(၁၀)စုနှစ်တွေက ဘာကိုသက်သေပြခဲ့သလဲဆိုရင် ဘိန်းကို နှိမ်နင်းလို့မရဘူးဆိုတာဘဲ။"

"ဘိန်းတိုက်ခိုက်မှု၊ အဲဒီလိုနှိမ်နင်းမှုကြောင့် ဘိန်းဈေးတွေက တက်လာပြီး



此为试读,需要完整PDF请访问: www.ertongbook.com

တော့ စိုက်ပျိုးမှုတွေက ပိုကျယ်လာတယ်”လို့ ခွန်ဆာ၏ဦးလေးဖြစ်သည့် Khun Hsang ဆိုသည့်လူက ဤကဲ့သို့ ရှင်းပြလိုက်သည်။

၎င်းတို့အနေဖြင့် ဘိန်းလုပ်ငန်းကို တရားမျှတအောင်လုပ်ရန် ပြောဆိုချက်တစ်ခု ရှိပါသည်။ ထိုအချက်မှာ ၎င်းတို့သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက လွတ်လပ်သည့်နိုင်ငံတစ်ခု၊ လွတ်လပ်သည့်လူမျိုး ဖြစ်ပြီး ၎င်းတို့နိုင်ငံကို မျိုးရိုးစဉ်ဆက် စော်ဘွားများက အုပ်ချုပ်ခဲ့သည် ဆိုပါသည်။ဗြိတိသျှကိုလိုနီသမားများကလည်း ရှမ်းများ၏ တသီးတခြားရပ်တည်မှုကို အသိအမှတ်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီစပ်ကြားကာလတွင် ဗြိတိသျှများနှင့် မြန်မာနိုင်ငံမှ ဦးဆောင်သူပုဂ္ဂိုလ်များက မြန်မာနိုင်ငံအား တစ်ခုတည်းသောနိုင်ငံ ထူထောင်ရန်အတွက် သဘောတူညီခဲ့ကြသည်။ ထို့အပြင် ၎င်း၏ပြည်နယ်ကို တည်ထောင်သည့်အချိန်တွင် တောင်ကြီးမြို့ကို မြို့တော်အဖြစ် သတ်မှတ်ပေးခဲ့သည်။ သို့သော်လည်း ၎င်းတို့၏တောင်းဆိုချက်တစ်ခုမှာ (၁၀)နှစ်ကြာက ပြည်ထောင်စုမှခွဲထွက်ရန် ဆိုသည့်အချက်ပင် ဖြစ်သည်။

ထိုအတောအတွင်း စော်ဘွားများ အာဏာစွန့်လွှတ်ပြီးချိန်မှစ၍ ရှမ်းလူမျိုးများသည် တောတောင်အတွင်းသို့ ပြေးရှောင်ပုန်းအောင်းပြီး ရန်ကုန်အစိုးရကို တိုက်ခိုက်ခဲ့ကြသည်။ ရွှေတြိဂံနယ်မြေသည် ၎င်းတို့၏စစ်မြေပြင် ဖြစ်ပြီး ဘိန်းသည် ၎င်းတို့၏တိုက်ပွဲတွင် ယန္တရားကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခု ဖြစ်လာသည်။

ခွန်ဆာကိုယ်တိုင်သည် စစ်အေးတိုက်ပွဲ၏ ရလဒ်တစ်ခုဖြစ်ပြီး အချိန်ကာလတစ်ခု၏ ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းတစ်ခုဆိုပါကလည်း မမှားပေ။ ၎င်းသည် သုံးနှစ်သားအရွယ်တွင် ၎င်း၏ဖခင် သေဆုံးခဲ့ပြီး ငါးနှစ်အရွယ်တွင် မိခင်ပါ ဆုံးရှုံးခဲ့သည်။ ၁၆နှစ်အရွယ်တွင် ၎င်းသည် သူပုန်အဖြစ် စတင်ခဲ့ပြီး ပုလိပ်ဌာနတစ်ခုအား ဝင်ရောက်သိမ်းပိုက်ကာ လက်နက်များယူသိမ်းခဲ့သည်။ ၎င်းအ

ချိန်တွင် ခွန်ဆာသည် လက်နက်ကိုင်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ပြီး ၎င်း၏ဂိုဏ်းတွင်ပါဝင်သော ဘိန်းမှောင်ခိုသမားများကို လစာပေးရန်အတွက် ဘိန်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။ မကြာမီတွင် ၎င်းသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးမော်ဖိန်းထုတ်လုပ်သည့် စက်ရုံကို ပိုင်ဆိုင်သည့်လူ ဖြစ်လာခဲ့သည်။

၎င်းသည် ကွန်မြူနစ်ဝါဒကို လုံးဝဆန့်ကျင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး သက်ဆိုင်ရာ၏ အမြင့်ဆုံးအကာအကွယ်ကို ရယူခဲ့သည်။ ၁၉၆၀ပြည့်နှစ်ပိုင်းတွင် ၎င်းသည် လက်နက်ကိုင်တိုက်ပွဲ ဝင်ခဲ့သည်။ ၁၉၆၀ပြည့်နှစ်ကုန်ပိုင်းလောက်တွင် ၎င်းသည် ဗန်ကောက်အစိုးရအား အကူအညီပေးခဲ့သည်။ ၎င်း၏အကူအညီမှာ ထိုင်း–မြန်မာနယ်စပ်တွင်ရှိသည့် ထိုင်းကွန်မြူနစ်များကို ၎င်းက တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ထိုင်းအစိုးရက ၎င်းအား ၁၉၈၂ခုနှစ် ဇန်နဝါရီလလောက်အထိ ထိုင်းနယ်မြေပေါ်တွင် ၎င်း၏ဘိန်းချက်စက်ရုံကို ခွင့်ပြုပြီး အကာအကွယ်ပေးထားခဲ့သည်။

၎င်းအချိန်ပိုင်းလောက်တွင် အမေရိကန်အစိုးရက ဗိကင်းနှင့် နိုင်ငံရေးအဆက်အသွယ်ပြုလုပ်ပြီး ကူမင်တန်ကြေးစားများကို လက်တွဲဖြုတ်ခဲ့သည်။ ထိုအချိန်တွင် ခွန်ဆာက သူ၏ တစ်ချိန်က လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ကူမင်တန်တို့ကို မြန်မာပြည်ထဲမှ နှင်ထုတ်ခဲ့သည်။

ထိုကဲ့သို့နှင်ထုတ်ပြီး ၎င်းသည် ကူမင်တန်များ၏ လုပ်ငန်းများကို သိမ်းယူခဲ့သည်။ ယခုအခါ ခွန်ဆာသည် အားလုံးသော ရှမ်းကာကွယ်ရေးပြောက်ကျားတပ်များကို ၎င်း၏ စစ်တပ်အတွင်းသို့ ထည့်သွင်းအသုံးပြုခဲ့သည်။ ၎င်းအဖွဲ့အားရှမ်းလွတ်မြောက်ရေးတပ်မတော်ဟု ခေါ်ပါသည်။ ခွန်ဆာမှာ ၎င်းတို့၏ အတိုက်အခံလုံးဝမရှိသည့် တစ်ဦးတည်းသော ခေါင်းဆောင်ဖြစ်သည်။ ခွန်ဆာသည် ၎င်း၏ဝန်းကျင်တွင် လူများကို များစွာမွေးထားပြီး ၎င်းတို့က သူ့ကို အယုံကြီးယုံကြည်ကြသည်။

ဟိုမုန်းမြို့၏ လေညှင်းခံကွက်လပ်တွင် နောက်ထပ်အသစ်စုဆောင်းထား

သည့် စစ်သားများသည် နေရောင်ထဲတွင်ရပ်နေပြီး ခေါင်းဆောင်များ၏ မိန့်ခွန်းကို အာရုံစူးစိုက်စွာနားထောင်နေကြပါသည်။ ၎င်းထဲတွင် ငယ်ငယ်ရွယ်ရွယ်နှင့် လူငယ်လေးတစ်စုပါ ပါရှိသည်။ တချို့ဆိုလျှင် အသက်၁၀နှစ်ခန့်သာ ရှိပြီး အတော်ကွာဝေးသည့် ရပ်ရွာများမှ ရွှေတြိဂံနယ်မြေတွင်ရှိသော စစ်စခန်းများကို ရက်ပေါင်းများစွာ ခြေကျင်လာရောက်ကြပြီး စစ်ပညာသင်တန်းများ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့ စစ်စခန်းများကို ရောက်လာပါက ပထမဆုံး သေနတ်တစ်လက် ရရှိကြသည်။ လစဉ်တိုင်း ဘတ်ငွေ၁၅၀ ရရှိသည်။ ထိုဌာနတွင် ၎င်းတို့ကို တူညီဝတ်စုံပေးသည်။ စစ်သင်တန်းပေးသည်။ ဆင်းရဲမွဲတေသော လူငယ်များအနေနှင့်မူ ထိုလုပ်ငန်းသည် သိပ်ပြီး မဆိုးလှဟု ဆိုနိုင်သည်။ ဟိုမုန်းစခန်းတွင်ဆိုလျှင် စစ်သားများသည် ဘိန်းကို လွန်စွာရှောင်ရှားပါသည်။ ၎င်းတို့ ဘိန်းကို စား၍မရပါ။

"ကျွန်တော်တို့လူမျိုးများကို ဘိန်းအန္တရာယ်မှ ကာကွယ်ရမယ်"ဟု ခွန်ဆာ၏ ဘဏ္ဍာရေးဝန်ကြီးဆိုသူက ပြောပြပါသည်။ ၎င်းက သူတို့၏ အဖွဲ့အစည်းအသုံးစရိတ်အတွက် ၆၀ရာခိုင်နှုန်းကို ဘိန်းနှင့်ဟီးရိုးအင်းက ရသည့်အခွန်ငွေမှ ရရှိပြီး ကျန်သည့်ငွေကို သစ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ကျောက်သံပတ္တမြားတို့ တူးဖော်သည့် လုပ်ငန်းများနှင့် ရှေးဟောင်းပစ္စည်းတွေ အရောင်းအဝယ်မှနေပြီး ရယူပါသည်။ ခွန်ဆာ၏ ဟိုမုန်းစခန်းအောက်တွင်ရှိသည့် လယ်သမားတစ်ယောက်သည် ဘိန်းကိုဖြစ်စေ၊ အခြားကုန်ပစ္စည်းကိုဖြစ်စေ ကြားကုန်သည်တစ်ယောက်ကို ရောင်းဝယ်လို့ရှိရင် ရရှိသည့်ငွေ၏ ၂၀ရာခိုင်နှုန်းကို ကုန်ပစ္စည်း၏ အခကြေးငွေအနေဖြင့် ခွန်ဆာထံသို့ ပေးဆောင်ရပါသည်။ ထိုအခကြေးငွေပေးပြီးမှသာ ၎င်းကုန်ပစ္စည်းသည် ခွန်ဆာ၏ နယ်မြေမှ လွတ်လွတ်ကျွတ်ကျွတ်ယူသွားနိုင်ပါသည်။

ခွန်ဆာ၏ ဘိန်းလုပ်ငန်းများတွင် ထိုင်းနိုင်ငံအနေဖြင့် မည်သို့မည်ပုံပတ်သက်နေသည်ဆိုသည်ကို ယနေ့အထိ ပဟေဠိတစ်ရပ်ကဲ့သို့ ဖြစ်နေပါသည်။

အမှန်မှာ ဘိန်းကိစ္စနှင့် ပတ်သက်ပြီး လုပ်ငန်းကိုဆောင်ရွက်ရန် ထိုင်းနိုင်ငံမှ သိပ်ပြီး စိတ်မဝင်စားပါ။ အနောက်နိုင်ငံများမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ပြောရေးဆိုခွင့်ရှိသူများ၏ သဘောအရ တြိဂံနယ်မြေမှ ထွက်သည့် ဘိန်းအားလုံးလိုလိုသည် ဗန်ကောက်မှတစ်ဆင့် နိုင်ငံခြားအရပ်ရပ်သို့ တင်ပို့

ရောင်းချနေပြီး ထိုသို့တင်ပို့ရောင်းချရာတွင် ထိုင်းစစ်တပ်နှင့် ပုလိပ်အဖွဲ့တွင် ရှိသည့်ယာဉ်များ၊ ရထားများကိုအသုံးပြု၍ ပို့နေကြသည်ဟု ယူဆနေကြပါသည်။

သို့သော်လည်း ပတ်ဝန်းကျင်ရှိလူများ၏ ပြောစကားအရ ထိုင်းစစ်တပ်ရှိ အရာရှိထောင်ကျော်ပတ်ဝန်းကျင်လောက်သည် ဘိန်းလုပ်ငန်းတွင် တိုက်ရိုက် ပတ်သက်နေကြသည်ဟု ဆိုပါသည်။ ဗန်ကောက်တွင်ရှိသည့် လုပ်ငန်းရှင်တို့က လည်း ထိုင်းစစ်တပ်နှင့် ပုလိပ်အရာရှိငယ်များကို ထိုင်းစစ်တက္ကသိုလ်၊ ထိုင်းရဲ တက္ကသိုလ်တို့တွင် စာသင်ပေးရန် ထောက်ပံ့ငွေကြေးပေးကြသည်။ ထိုကဲ့သို့ ထောက်ပံ့ငွေကြေးပေးပြီး ထိုအရာရှိများက တစ်နေ့နေ့တွင် ၎င်းလုပ်ငန်းရှင်ကြီး များ၏ သဘောအတိုင်း ထိုင်းလုံခြုံရေးအဖွဲ့တွင် ဝင်ရောက်ပြီး လုပ်ငန်းရှင်ကြီး များ၏ အလိုကိုဆောင်ရွက်ပေးကြမည်ဟု ဆိုပါသည်။

သုံးရက်ကြာသောအခါ နှစ်သစ်ကူးပွဲတော် ပြီးဆုံးသွားပါသည်။ အပြန်ခရီးတွင် ကျွန်တော်က "ခွန်ဆာသည် လူသားတို့၏ အကြီးဆုံးသော ရန်သူလော၊ သို့မဟုတ် သူက ကန့်လန့်ကာနောက်မှ ကြိုးဆွဲနေသော အင်အားစုများ၏ ရုပ်သေးတစ်ကောင်ပဲလော။" "ရွှေတြိဂံနယ်မြေတွင် ဘိန်းစိုက်ပျိုးချက်လုပ်မှုလုပ်ငန်းကို ဘယ်တော့ပိတ်ပင်ပျောက်ကင်းစေနိုင်မည်နည်း။" စသည်ဖြင့် စဉ်းစားရင်း ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပါသည်။

## ဝေါဟာရများ

| | | |
|---|---|---|
| ထိုးထိုးထောင်ထောင် | (ကြိဝိ) | 高耸地 |
| နိဒါန်း | (န/ပါ) | 荟萃，概括，概论 |
| နယ်စပ်မျဉ်း | (န) | 国境线 |
| ဘိန်းစိုက်ခင်း | (န) | 罂粟种植地 |
| ရုပ်လုံးပျက် | (ကြိ) | 丑化，损害……的形象 |
| အဆိပ်အတောက် | (န) | 毒品，毒液 |
| သွေးထွက်သံယို | (န) | 惨痛，刻骨铭心的痛楚 |
| ဖုံးဖုံးဖိဖိ | (ကြိဝိ) | 遮遮掩掩地 |
| ဇာတ်စင် | (န) | 舞台 |
| ခွန်ဆာ | (န) | 昆沙（张奇夫） |
| ပြောစမှတ် | (န) | 传言，常说的话题 |
| စစ်ဘုရင် | (န) | 军阀 |
| ဗိုလ်ရှုဘုရင်ရင်ပြင် | (န) | 阅兵场 |
| ရင်ပြင် | (န) | 广场 |
| မြေညှိစက် | (န) | 推土机 |
| ရေလှောင်တာတမံ | (န) | 水坝 |
| ဘတ် | (မျိုးပြ၊န) | 铢（泰国货币单位） |
| ယာဉ်ကြော | (န) | 车道，行车线路 |
| ပြည့်တန်ဆာ | (န) | 妓女 |
| ဂြိုဟ်တုရုပ်မြင်သံကြား | (ပုဒ်) | 卫星电视节目 |
| အင်တီနာ | (န) | 天线 |
| စစ်တန်းလျား | (န) | 营房 |
| ကမ်းလှမ်း | (ကြိ) | 传话，传递 |

| | | |
|---|---|---|
| သက်သေပြ | (ကြိ) | 证明，证实 |
| မျိုးရိုးစဉ်ဆက် | (ကြိဝိ) | 世袭地，家传地 |
| စော်ဘွား | (န/ရှမ်း) | 土司 |
| ဂိုဏ်း | (န/ပါ) | 派别，集团，团伙 |
| မော်ဖိန်း | (န/အင်) | 吗啡 |
| ကူမင်တန် | (န/တရုတ်) | 国民党 |
| ကြေးစား | (န) | 雇佣军 |
| အတိုက်အခံ | (န) | 反对派 |
| မွဲတေ | (နဝိ) | 贫穷，贫困 |
| အခွန်ငွေ | (န) | 税款 |
| ပယောဦ | (န/ပါ) | 迷 |
| ကန့်လန့်ကာ | (န) | 帷幕 |
| ကြိုးဆွဲ | (ကြိ) | 暗中操纵，背后控制 |
| ရုပ်သေး | (န) | 木偶 |

## လေ့ကျင့်ခန်း

**တစ်။ ။အောက်ပါဝါကျများကို တရုတ်ဘာသာသို့ ဘာသာပြန်ပေးပါ။**

၁။ အစနှင့်အဆုံးမရှိသော စိမ်းပြာပြာတောင်ကြောကြီးများ၊ တောင်ထွတ်များက ထိုင်းနိုင်ငံမြောက်ဘက်ဒေသဆီတွင် မြန်မာ့နယ်မြေထဲသို့ မျက်စိတစ်ဆုံး ထိုးထိုးထောင်ထောင် လှုပ်ရှားသွားလာနေသလို ရေမြေအနေအထားက အပူပိုင်းဒေသတစ်ခု၏ နိဒါန်းဟု ခေါ်ဆိုနိုင်လောက်အောင် သာယာလှပပါသည်။

၂။ ထူကဲစွာဖုံးအုပ်ထားသည့် ကျွန်းပင်ကြီးများ၏အောက်တွင် လျှို့ဝှက်



此为试读，需要完整PDF请访问：www.ertongbook.com